**KHRG ကရင်လူ့အခွင့်အရေးအဖွဲ့**

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဇန်နဝါရီလ ၂၃ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 25-286-I1

# ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဘားအံမြို့နယ်တွင် DKBA ဆွဲမိုင်း ထိမှန်၍ ရွာသားနှစ်ဦးဒဏ်ရာရရှိ (၂၀၂၅ ခုနှစ်၊ ဇွန်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ဒူးသထူ (သထုံ) ခရိုင်၊ ဘားအံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုင်းပေါက်ကွဲမှုဖြစ်စဉ်အကြောင်းကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဘားအံမြို့နယ်၊ ဘဃ--- ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာမှ ရွာသားတစ်ဦးသည် ငါးသွားရှာဖမ်းရန် ဘဃ--- ကျေးရွာအုပ်စု၊ အဆ--- ကျေးရွာသို့သွားခဲ့သည်။ ငါးရှာဖမ်းပြီးနောက် ၎င်းသည် အခြားရွာသားတစ်ဦးနှင့်တွေ့ဆုံခဲ့ပြီး ၎င်းတို့နှစ်ဦးသည် ဘားအံမြို့နယ်၊ ဘဘ--- ကျေးရွာအုပ်စု၊ ဘဘ--- ကျေးရွာသို့သွားလည်ရန် ဆိုင်ကယ်တစ်စီးဖြင့် အတူတကွသွားခဲ့သည်။ ဘဘ--- ကျေးရွာအုပ်စု၊ ဘဘ---နေရာတွင်ရောက်ရှိသည့်အခါတွင် မိုင်းကြိုးကိုတိုက်မိ၍ပေါက်ကွဲသွားပြီး ၎င်းတို့နှစ်ဦးအားထိမှန်ကာ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဆွဲမိုင်းကို တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) မှ ထောင်ထားခဲ့ခြင်းဖြစ်သည်။ မိုင်းပေါက်ကွဲမှုဖြစ်ပွားပြီးနောက် DKBA တပ်ဖွဲ့သည် ဒဏ်ရာရရှိသည့်ရွာသားနှစ်ဦးကို ဆပ--- ကျေးရွာအုပ်စုရှိ အဃ--- ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ သို့သော်လည်း ထိုရွာသားနှစ်ဦးကို ဆေးကုသမှုစရိတ် မပေးခဲ့ပေ။ ဒဏ်ရာရရှိသည့်ရွာသားတစ်ဦးသည် ယခင်ကဲ့သို့ပုံမှန်လမ်းလျှောက်၍မရနိုင်တော့ပါ။ ဒဏ်ရာရသည့် အခြားရွာသားတစ်ဦးလည်း ဒဏ်ရာပျောက်ကင်းခြင်းရှိ၊မရှိ မသိရသေးပါ။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးသထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာကို မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၂) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #25-286-I1 နှင့် #25-286-A1-I1 တို့ဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | (မြေမြှုပ်မိုင်း) ဆွဲမိုင်းပေါက်ကွဲမှုဖြစ်စဉ် |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၅ ခုနှစ်၊ ဖွန်လ ၈ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဘဘ--- ကျေးရွာအုပ်စု၊ ဘဆ--- နေရာ (ဘဆ--- နေရာကို ဘဟ--- နေရာဟုလည်းခေါ်ဝေါ်ကြသည်) |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | စောအ--- | စောဘ--- |
| **အသက်** | ၄၀ နှစ် | ၃၇ နှစ် |
| **ကျား/မ** | ကျား | ကျား |
| **လူမျိုး** | ကရင် | ကရင် |
| **အိမ်ထောင် ရှိ/မရှိ** | ရှိ | အိမ်ထောင်ကွဲ |
| **အလုပ်အကိုင်** | လယ်ယာ | ကိုင်း |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား | ရွာသား |
| **နေရပ်ရွာအမည်** | ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဘဃ---ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာ (ဘဃ---အုပ်စုကို ဆဘ--- အုပ်စုဟုလည်းခေါ်ဝေါ်ကြသည်) | ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဘဃ---ကျေးရွာအုပ်စု၊ အဒ---ကျေးရွာ (ဘဃ---အုပ်စုကို ဆဘ--- အုပ်စုဟုလည်း ခေါ်ဝေါ်ကြသည်) |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိရှိရ | မသိရှိရ | DKBA (တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်) တပ်ဖွဲ့များ (တပ်ရင်း၊ တပ်ခွဲအမှတ်မသိရ) | ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ မယ်ကရောကျေးရွာအုပ်စု၊ ကျားဂူနေရာရှိ ကြာအင်းပေါ်တော်မူကျောင်း | စောဘိုဘိ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ဘဃ--- ကျေးရွာအုပ်စုမှ ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သူ စောက---သည် (လုံခြုံရေးအရ ၎င်း၏ရာထူးအသေးစိတ် |

| |
|---|
| ကိုမဖော်ပြ) ပေါက်ကွဲမှုအသံတစ်ခုကိုကြားခဲ့သည်။ ထို့နောက် ၎င်းသည် ပေါက်ကွဲမှုဖြစ်သည့်နေရာကိုသွားရောက်စစ်ဆေးခဲ့ပြီး ရွာသားတစ်ဦးမှာ ဆွဲမိုင်းထိမှန်၍ ဒဏ်ရာရခဲ့သည်ကို သိရှိခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ဖြစ်စဉ်ကိုစစ်ဆေးသိရှိပြီးနောက် ၎င်းသည် (စောက---) ကျွန်တော့်ကို (KHRG သတင်းစုဆောင်းသူ) အကြောင်းကြား၍ ဤဖြစ် စဉ်ကိုပြောပြခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် (KHRG သတင်းစုဆောင်းသူ) အဆ--- ကျေးရွာသို့သွား၍ ဒဏ်ရာရရှိ သည့်ရွာသားတစ်ဦးဖြစ်သူ စောအ--- အား တွေ့ဆုံအင် တာဗျူးခဲ့ပြီး သတင်းမှတ်တမ်းပြုစုခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| ဤသတင်းဖြစ်စဉ်သည် မှန်ကန်ကြောင်းဆိုနိုင်ပါသည်။ ကျွန်တော်သည် (KHRG သတင်းစုဆောင်းသူ) မိုင်းထိမှန်၍ ဒဏ်ရာရခဲ့သည့်ရွာသား စောအ--- အား ကိုယ်တိုင်အင်တာဗျူးခဲ့သည်။ ထို့အပြင် ဓာတ်ပုံသက်သေများကိုလည်း ရိုက်ယူခဲ့သည်။ (KHRG သတင်းစုဆောင်းသူသည် စောအ--- ၏ဇနီးဖြစ်သူ နော်ဂ--- ကိုလည်း မေးမြန်းခဲ့ပါသည်။) |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဘဃ--- ကျေးရွာအုပ်စုမှ (ဆဘ--- အုပ်စုဟုလည်းခေါ်ဝေါ်ကြသည်) ရွာသားနှစ်ဦးသည် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဘဘ--- ကျေးရွာအုပ်စုရှိ ဘဆ--- နေရာတွင် ဆွဲမိုင်းထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ (ဘဆ--- နေရာကို ဘဟ--- နေရာဟုလည်းခေါ်ဝေါ်ကြသည်။)<br><br>ဖြစ်စဉ်မှာ ဘဃ--- ကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင်နေထိုင်သည့်ရွာသား စောအ--- (ခေါ်) စောဒ--- သည် ဘဃ--- ကျေးရွာအုပ်စု၊ အဆ--- ကျေးရွာတွင် ပိုက်ကွန်ဖြင့်ငါးဖမ်းရန်အတွက် ထွက်သွားခဲ့သည်။ ငါးဖမ်းပြီးနောက် ၎င်းသည် (စောအ---) သူ၏သူငယ်ချင်းဖြစ်သူ စောဘ---နှင့်တွေ့ဆုံခဲ့သည်။ စောဘ---သည် အဆ---ကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦးဖြစ်သည်။ (သို့သော် ယခင်က သူသည် ဘဃ--- ကျေးရွာ အုပ်စု၊ အဒ--- ကျေးရွာတွင်နေထိုင်ခဲ့ဖူးသည်။) ထို့နောက် ၎င်းတို့သည် (ဘဘ--- ကျေးရွာအုပ်စု) ဘဘ--- ကျေးရွာသို့သွားလည်ရန် သဘောတူဆုံးဖြတ်ခဲ့သည်။ ၎င်းတို့ ခရီးနှင်သည့်အချိန်သည် မိုးစချုပ်နေပြီးဖြစ်သည်။ စောအ---သည် ဆိုင်ကယ်ကိုမောင်းပြီး စောဘ---သည် ဆိုင်ကယ် နောက်တွင်ထိုင်၍လိုက်သွားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ဘဘ--- ရွာသို့မသွားခင်တွင် အရက်သောက်ခဲ့ကြသည်။<br><br>၎င်းတို့သည် (ဘဘ--- ရွာသို့သွားသည့်ခရီးလမ်းတွင်) ဘဆ--- နေရာတွင်ရောက်ရှိသည့်အခါတွင် လမ်းခလယ်ရှိ ကျောက်တုံးတစ်လုံးကို ရုတ်တရက်ရှောင်လိုက်ရာမှ ဆိုင်ကယ်အနောက်ဘီးမလွတ်ဘဲ မိုင်းကြိုးကိုတိုက်မိ၍ ပေါက်ကွဲသွားခဲ့သည်။ အဆိုပါဆွဲမိုင်းကို လမ်း၏ဘယ်ဖက်နေရာတွင် ထောင်ထားခဲ့သည်။ ထို့ကြောင့် မိုင်းစများသည် ၎င်းတို့နှစ်ဦး၏ခန္ဓာကိုယ်ဘယ်ဖက်ခြမ်းကို လွင့်စင်ထိမှန်ခဲ့ပါသည်။ (ထိုဒေသတွင် DKBA တစ်ဖွဲ့သာ သွားလာလှုပ်ရှားနေသည့်အတွက် DKBA စစ်သားများသည် အမှုဖြစ်စဉ်ကိုကိုင်တွယ်၍ ဒဏ်ရာရသည့်ရွာသားများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ ဒေသခံရွာသားများသည် ၎င်းဆွဲမိုင်းကို DKBA အဖွဲ့က ထောင်ထားခဲ့ကြောင်း ယုံကြည်ကြသည်။) |

ဆိုင်ကယ်မောင်းသည့်စောအ---သည် လည်ပင်းအနောက် ပခုံး၏အထက်တွင်မိုင်းစရှ၍ ထိမှန်ထားပြီး ဘယ်ဖက်ပေါင်တွင် မိုင်းစနှစ်စနှင့်ဒူးအောက်နားရှိ အရိုးနှင့်အကြောကိုလည်း မိုင်းစတစ်စထိမှန်ထားပါသည်။ စောဘ---သည် ဘယ်ဖက်ခြေထောက်တစ်ချောင်းလုံးနှင့်ကျောတစ်ပြင်လုံး မိုင်းစများလွင့်စင်ထိမှန်ခဲ့သည်။ ထိုသို့ဖြစ်ပွားပြီးနောက် DKBA စစ်သားများသည် ၎င်းတို့နှစ်ဦးကို အဃ---ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် (ဒဏ်ရာရသူများ) ဆေးကုသမှုစရိတ်အတွက် (သို့မဟုတ် လျော်ကြေးအဖြစ်) DKBA ထံမှ ကူညီထောက်ပံ့မှုများမရရှိခဲ့ပါ။ အဃ--- ဆေးရုံသည် SAC (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) စီမံအုပ်ချုပ်သောဆေးရုံဖြစ်ပြီး ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဆဟ---ကျေးရွာအုပ်စုတွင်တည်ရှိသည်။

DKBA ဆွဲမိုင်းထိမှန်၍ဒဏ်ရာရခဲ့သူ စောအ---သည် KHRG အား ယခုလိုပြောပြသည်။ *"ပေါက်ကွဲမှုဖြစ်ပြီး နောက်မှာ သူတို့က (DKBA စစ်သားများ) ရောက်လာတယ်။ သူတို့က ကျွန်တော်တို့ကို သေနတ်နဲ့ထုထောင်းမယ့်အချိန်မှာ ကျွန်တော်တို့က ဘယ်လက်နက်ကိုင်အဖွဲ့နဲ့မှမပက်သက်ပါဘူးလို့ သူတို့ကိုပြောပြတယ်။ လက်အုပ်ချီပြီး သူတို့ကို တောင်းပန်တယ်။ အဲဒါနဲ့ သူတို့က ကျွန်တော်တို့ကို စစ်ဆေးမေးမြန်းတယ်။ ပြီးတော့ သူတို့အထက်လူကြီးတစ်ဦးဆီက ဖုန်းလာတယ်။ သူတို့အချင်းချင်းစကားပြောပြီးနောက်မှာ ကျွန်တော်တို့ကို ကားအမဲတစ်စီးပေါ်ကို တက်ခိုင်းတယ်။ ကားက vigo ကားလား၊ ဘာကလားလဲတော့မသိဘူး။ ကျွန်တော်တို့က ကားအနောက်မှာ လိုက်ပါစီးခဲ့တယ်။ ပြီတော့ သူတို့က ကျွန်တော်တို့ကို ဆေးဝါးကုသဖို့အတွက် အဃ---ဆေးရုံကို ပို့ဆောင်ပေးခဲ့တယ်။"* စောအ---သည် ဤသို့ဆက်လက်ပြောပြသည်။ *"ပြီးတော့ ဆေးဆရာက ကျွန်တော်တို့ရဲ့အနာပေါ်မှာရှိနေတဲ့မိုင်းစတွေကို ခွဲနှုတ်ပေးတယ်။ ပြီးတော့လည်း စောဘ---ရဲ့ကြောပြင်မှာ ထင်ကျန်နေတဲ့မိုင်းအစအသေးအမွှားတွေကို လိုက်နှုတ်ပေးတာ မြင်လိုက်မိတယ်ပေါ့နော်။ နောက်တော့ (ဘားအံမြို့နယ်၊ ဆဟ--- ကျေးရွာအုပ်စုရှိ) ဘမ--- ကျေးရွာမှာနေတဲ့စောဘ---ရဲ့တစ်ဝမ်းကွဲက ကျွန်တော်တို့ကို လာကြိုတယ်။ အဲဒီညမှာ သူ့အိမ်မှာပဲအိပ်လိုက်တယ်။ နောက်နေ့မနက်ရောက်တော့ သူ့ရဲ့ဝမ်းကွဲအကိုက ကျွန်တော်တို့ကို သုံးဘီးဆိုင်ကယ်နဲ့အိမ်ပြန်ပို့ပေးခဲ့တယ်။"*

စောအ--- သည် ၎င်းကျေးရွာသို့ပြန်ရောက်လာပြီး လည်ပင်းအနောက်ဒဏ်ရာနှင့်ပေါင်ဒဏ်ရာမှာ သက်သာလာခဲ့သည်။ (၎င်းသည် ဆေးကုသမှုစရိတ်ကို ပေးဆောင်ရန်မလိုခဲ့ပေ။ အကြောင်းမှာ ထိုဆေးရုံရှိ ကျန်းမာရေးလုပ်သားများသည် ၎င်းအား ရင်းနှီးသိကျွမ်းကြပြီး သနားမိသောကြောင့်ဖြစ်သည်။) သို့သော်လည်း စောအ---သည် ဒူးအောက်နားထိမှန်ထားသော ဒဏ်ရာသည် သက်သာပျောက်ကင်းမှုမရှိသေးသောကြောင့် ယခင်လိုပကတိအတိုင်း လမ်းလျှောက်ရတာအားသိပ်မရတော့ပေ။ တစ်ခါတစ်လေတွင် ထုံကျင်ကိုက်ခဲသောကြောင့် ခြေထောက်ကိုကြိုးနှင့်ချိတ်ပြီး မတင်ရသည့်အခြေအနေရှိကြောင်း သူက ဆိုပါသည်။ (စောအ--- သည် ယခင်လိုအလုပ်ပြန်မလုပ်နိုင်သည့်အတွက်ကြောင့် သူ၏မိသားစုစားဝတ်နေရေးအား ထိခိုက်မှုရှိစေသည်။) စောအ--- မှာ ဇနီးနှင့်သားနှစ်ဦးရှိသည်။

အခြားတဖက်မှာ စောဘ---သည် အိမ်ထောက်ကွဲဖြစ်၍ သမီးတစ်ဦးရှိသည်။ သူ၏ဇနီးသည် အိမ်ထောင်ထပ်မံပြုခဲ့သည်။ ပဏာမဆေးကုသမှုခံယူပြီးနောက် စောဘ----သည် သူ့မိခင်ရှိရာ အဒ---ကျေးရွာသို့ပြန်သွား၍ ဆေးကုသမှု ထပ်မံခံယူခဲ့သောကြောင့် ၎င်း၏ကျန်းမာရေးအခြေအနေကို မသိရှိခဲ့ရပါ။







ဤဓာတ်ပုံသုံးပုံကို KHRG သတင်းစုဆောင်းသူတစ်ဦးက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဘဃ--- ကျေးရွာအုပ်စု၊ အဆ--- ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ပုံများတွင် စောအ--- သည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် DKBA ဆွဲမိုင်းထိမှန်၍ ၎င်း၏ဘယ်ဖက်ဒူးခေါင်းအောက်နား၊ ဘယ်ဖက်ပေါင်နှင့်လည်ပင်းအနောက်တွင် ဒဏ်ရာရရှိခဲ့သောအခြေအနေကို ဖော်ပြထားသည်။ ဆိုင်ကယ်ဖြင့် ၎င်းနှင့်အတူ ခရီးသွားလာခဲ့သည့်အခြားရွာသားတစ်ဦးလည်း ထိမှန်ဒဏ်ရာရခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

အပြစ်မရှိသည့်ရွာသားနှစ်ဦးသည် ယခုလိုဆွဲမိုင်းထိမှန်၍ ဒဏ်ရာရသည့်အခြေအနေနှင့်ပတ်သက်၍ ဒေသခံရွာသားများသည် DKBA အဖွဲ့က ၎င်းမိုင်းကိုထောင်ထားခဲ့သည်ဟုယုံကြည်ကြသည်။ DKBA အနေဖြင့် ၎င်းဖြစ်စဉ်ကို ပြန်လည်တုံ့ပြန်ခြင်းမရှိသလို ဒဏ်ရာရရှိသည့်ရွာသားများအတွက် ဆေးကုသမှုစရိတ်ကိုလည်း ကူညီထောက်ပံ့ပေးခြင်းမရှိခဲ့ပါ။ စောအ---၏ဇနီးဖြစ်သူ နော်ဂ---က ယခုလိုရှင်းပြသည်။ *"သူတို့တွေမိုင်းထိပြီးနောက် နောက်တစ်မနက်အထိမှာ ဆိုင်ကယ်က အခင်းဖြစ်တဲ့နေရာမှာ ရှိနေတုန်းပဲ။ ဆိုင်ကယ်မော်ဒယ်က Wave Fi အမျိုးအစားတစ်စီးပါ။ ဆိုင်ကယ်တစ်စီးလုံးမှာ ယမ်းငွေ့ယမ်းသက်တွေပဲအနံ့ရတယ်။ ဆိုင်ကယ်က မောင်းလို့ရတယ်။ ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ဆိုင်ကယ်ကာဗာကတော့ မိုင်းစအနည်းငယ်ထိသွားတာပေါ့။"*

စောဘိုဘိဦးဆောင်သော DKBA တပ်ဖွဲ့များသည် ကြာအင်းပေါ်တောမူကျောင်းထိုင်ဆရာတော် ဦးနန္ဒသာရနှင့်ပေါင်းပြီး အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်တပ်ဖွဲ့ဝင်များ၏ကွပ်ကဲမှုအောက်တွင်လစာယူ၍ တာဝန်ထမ်းဆောင်နေလျှက်ရှိသည်။ ထို့ကြောင့် ၎င်းတပ်ဖွဲ့ဝင် (DKBA) များသည် SAC ၏ခိုင်းစေမှုကိုလိုက်နာ၍ အရှိန်မြင့်လာနိုင်သည့် KNU (ကရင်အမျိုးသားအစည်းအရုံး) ၏အုပ်ချုပ်ရေးနှင့် KNLA (ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်) ၏စစ်ရေးယန္တရားများကို အားနည်းလာအောင် နည်းမျိုးစုံဖြင့်ဆောင်ရွက်နေလျှက်ရှိသည်။

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဤသတင်းအကြောင်းအရာများကို အသုံးပြုရန်အတွက် မိုင်းထိမှန်သူ စောအ---နှင့်၎င်း၏ဇနီးဖြစ်သူ နော်ဂ---တို့က ခွင့်ပြုချက်ပေးထားပါသည်။ SAC နှင့်၎င်းလက်အောက်ခံပူးပေါင်းတပ်ဖွဲ့များမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို တစ်နေ့တစ်နေ့ကျူးလွန်သည့်အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းမှ သိရှိရန်အတွက် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။